ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

**အမေရိကန်ပြည်ထောင်စုရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနွယ်ဖွားများအား အသိပေးကြေညာခြင်း**

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(pandemic)အဖြစ် ကြေညာချက်ခဲ့ပြီးနောက် အမေရိကန် အစိုးရမှလည်း ယင်း ကိစ္စနှင့်ပတ်သက်၍ (၁၃-၃-၂၀၂၀) ရက်နေ့က “နိုင်ငံတော်အရေးပေါ် အခြေအနေ (National Emergency)” အဖြစ်ကြေညာခဲ့ပါသည်။ ယင်းနောက် ရောဂါကူးစက်မှုမှ ကာကွယ်ရေး၊ ရောဂါပိုးကူးစက်ခံထားရသူများ အတွက်ကျန်းမာရေး စောင့်ရှောက်မှု၊ ရောဂါ ကူးစက်မှုသံသယရှိသူများအား စောင့်ကြည့်မှု၊ နိုင်ငံတကာ ခရီးသွားလာခြင်း အပေါ်ကန့်သတ်မှု၊ နယ်စပ်ဝင်ပေါက်များမှ ဝင်/ထွက်ခြင်း ကန့်သတ်ပိတ်ပင်မှုများအပါအဝင် COVID-19 ရောဂါ ပြန့်ပွားမှု အန္တရာယ်ကြောင့် ဖြစ်ပေါ်သည့်ဆိုးကျိုးများ လျှော့ချရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ၌ ဖက်ဒရယ်အစိုးရမှ ပြည်နယ်အစိုးရများ၊ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား လိုအပ်သည့် ညွှန်ကြားချက်၊ အမိန့်၊ လိုက်နာ ရမည့် စည်းကမ်းချက်များကို အချိန်နှင့် တပြေးညီထုတ်ပြန်ကြေညာ၍ အသိပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူ (၁၀)ဦး ထက်ပို၍ စုဝေးခြင်း မပြုလုပ်ရန် အပါအဝင်၊ ဆေးဝါးကုသမှုခံယူ ရေးကိစ္စ၊ စားသောက်ကုန်များဝယ်ယူရေးနှင့် မဖြစ်မနေသွားရောက်ခြင်းကိစ္စတို့မှအပ အမေရိကန် နိုင်ငံသားများအား အိမ်ပြင်ထွက်ခြင်းမှ ရှောင်ရှားကြရန် တိုက်တွန်းလျက်ရှိပါသည်။ အလားတူပင် တစ်ချို့သောပြည်နယ်များ၌ အိမ်ပြင်ထွက်ခြင်းကို တားမြစ်သည့် အမိန့်များကိုလည်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ အထက်ပါအခြေအနေကြောင့် အမေရိကန်ပြည်ထောင်စုအတွင်း ရောက်ရှိနေထိုင်လျက် ရှိကြသော မြန်မာနိုင်ငံသားများ၊ မြန်မာနွယ်ဖွားများအနေဖြင့် မိမိတို့နှင့် မိသားစုဝင်များ၊ မိမိတို့ အသိုက်အဝန်း၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် အမေရိကန် ရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာန (CDC)နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရများ၏ ညွှန်ကြားချက်၊ အမိန့်၊ လိုက်နာရမည့်စည်းကမ်းချက်များကို အမြဲမပြတ်စောင့်ကြည့်ပြီး အတိအကျလိုက်နာကြပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**
**ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON